# မြန်မာ့အရေးအခင်းနှင့်လူ့အခွင့်အရေးပတ်သက် စပ်လျဉ်းမှုအပေါ်
# ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအထူးအစည်းအဝေး
# ဒုတိယ လူ့အခွင့်အရေးမဟာမင်းကြီး Nada al-Nashif ၏ထုတ်ပြန်ကြေညာချက်
# ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်

လေးစားအပ်ပါသော သဘာပတိကြီးနှင့်တကွ
ဂုဏ်သရေရှိလူကြီးမင်းများ၊ လုပ်ဖော်ကိုင်ဖက်များ ရှင်

ယခုလအစောပိုင်း မြန်မာစစ်တပ်၏ အာဏာသိမ်းပိုက်မှုသည် မြန်မာနိုင်ငံကို ဒီမိုကရေစီစနစ် သို့ ကူးပြောင်းရန်အတွက် ဆယ်နှစ်တာကာလ အကြိတ်အနယ်ကြိုးစားပြီးနောက် ရရှိခဲ့သော တိုးတက်မှုများကို ကြီးကျယ်သည့် ဆုတ်ယုတ်မှု ဖြစ်စေပါသည်။

ဤကောင်စီမှ လွန်ခဲ့သည့် ရက်သတ္တပတ် သုံးပတ်ခန့်က နိုင်ငံအလိုက် အလှည့်ကျ သုံးသပ် အစီရင်ခံတင်ပြခြင်းယန္တရား (UPR) ၏ တတိယအကြိမ် ပုံမှန်သုံးသပ်ရာမှ မြင်တွေ့ခဲ့ရသော ယင်းတိုးတက်ဖြစ်ထွန်းမှုများနှင့် ၂၀၂၀ ခုနှစ် နိုဝင်ဘာလ၌ ကျင်းပခဲ့သည့် အထွေထွေ ရွေးကောက်ပွဲကြီး၏ ပြတ်သားသောရလဒ်များမှန်ကန်ကြောင်းယုံကြည်မှုကို အာဏာသိမ်းပိုက်မှု နှင့် နိုင်ငံကို အရေးပေါ်အခြေအနေ သတ်မှတ်ကြောင်း ကြေညာချက်တို့က ယခုအခါ ထိထိ ရောက်ရောက် ပျက်ပြားစေခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတဦးဝင်းမြင့် အပါအဝင် ဒီမိုကရေစီနည်းကျ ရွေးကောက်တင် မြှောက်ခြင်းခံထားရသော နိုင်ငံရေးခေါင်းဆောင်များသည် နိုင်ငံရေးစွဲချက်များဖြင့် ထိမ်းသိမ်းခံ ထားရပါသည်။ စာနယ်ဇင်းသမားများ၊ သံဃာများနှင့် ကျောင်းသားများအပါအဝင် နိုင်ငံရေး သမားများ၊ အစိုးရအရာရှိများ၊ တက်ကြွလှုပ်ရှားသူများနှင့် လူမှုအဖွဲ့အစည်း အဖွဲ့ဝင်များ အယောက် ၃၅၀ ကျော်ကို ထိန်းသိမ်းထားကြောင်း ကျွန်ုပ်တို့၏ရုံးက စုံစမ်း သိရှိထားသည်။ အများစုမှာ သံသယရှိသည့်အကြောင်းပြချက်များဖြင့် ပြစ်မှုဆိုင်ရာ စွပ်စွဲချက်များနှင့် ရင်ဆိုင်နေ ရသည်။ လူများစုတို့သည် လျော်ကန်သော အရေးယူ ဆောင်ရွက်မှုများကို မရရှိကြပေ။ ထို့ပြင် ဥပဒေအရ အကျိုးဆောင် ပေးမည့် ကိုယ်စားလှယ် ခန့်ထားခွင့်၊ မိသားစုများနှင့် တွေ့ဆုံခွင့်၊ သို့မဟုတ် ဆက်သွယ်ခွင့်များ မရရှိကြပေ။ အချို့မှာ ပျောက်ဆုံးနေဆဲရှိပြီး၊ ၎င်းတို့ရှိသည့်နေရာ၊ ကောင်းမွန်စွာ ရှိ-မရှိ ဆိုသည်ကိုလည်း သတင်းမရရှိပေ။

ကျွန်ုပ်နှင့် အထူးမဟာမင်းကြီးသည် ဆန္ဒထုတ်ဖော်သူများ၏ ခိုင်မာသော ခံယူချက်များကို လွန်စွာ သဘောကျလေးစားမိပါသည်။ ထိုသူတို့ထဲမှ အများအပြားသည် လူငယ်များနှင့် အမျိုးသမီးများ၊ မတူကွဲပြားသည့်နောက်ခံများရှိကြသည့် တိုင်းရင်းသားများ ဖြစ်ကြသည်။ ၎င်းတို့သည် ငြိမ်းချမ်းစွာ ချီတက်ကြသည်။ အာဏာသိမ်းမှုနှင့် ဖိနှိပ်မှုများကို ဆန့်ကျင်သည့် အခြားလှုပ်ရှားမှုများတွင် ပါဝင်ကြသည်။ ၎င်းတို့သည် မြန်မာနိုင်ငံ၏အနာဂတ်ကို ကိုယ်စားပြုသူများဖြစ်သည်။ လူမျိုးအမျိုးမျိုးနှင့် အသိုင်းအဝိုင်းအမျိုးမျိုးတို့အကြား သဟဇာတရှိသော ဆက်ဆံမှုများဖြင့် အနာဂတ်၌ တရားမျှတမှုကို မျှဝေခံစားမည့်သူ၊ နိုင်ငံ၏ချမ်းသာကြွယ်ဝမှုကို သာတူညီမျှ ဝေမျှခံစားကြမည့်သူများဖြစ်သည်။

ကမ္ဘာကြီးက စောင့်ကြည့်လျက် ရှိပါသည်။ ယခုရက်သတ္တပတ်တွင် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခြင်းကို တားဆီးရန် အလွန်ပြင်းထန်သည့် အမိန့်များကို ထုတ်ပြန်ထားပြီး ဖြစ်သည်။ ထို့ပြင် လွန်ခဲ့သည့်ရက်အနည်းငယ်အတွင်း လမ်းများပေါ်တွင် ရဲနှင့် စစ်သားများ ပို၍ များလာနေသည်။ ဖေဖော်ဝါရီလ ၉ ရက်နေ့က ရဲများနှင့် ပြင်းထန်စွာ အချင်းဖြစ်ပွားပြီးနောက် အနည်းဆုံး အမျိုးသမီးငယ်တစ်ဦး အသက်အန္တရာယ်ရှိသည့် အခြေအနေအတွင်း ကျရောက်ခဲ့ရသည်။ စစ်တပ်ထောက်ခံသူများနှင့် အမျိုးသားရေးအဖွဲ့များ ကလည်း လမ်းပေါ်တက်လာကြသည်။ ပြတ်သားရှင်းလင်းစွာ ဆိုရပါလျှင် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်နေသူတို့အပေါ် သေစေလောက်သော သို့မဟုတ် သေဆုံးမှုကိုတော့ မဖြစ်စေသော လက်နက်များအား မဆင်မခြင် အသုံးပြုခြင်းအား လက်ခံနိုင်စရာမရှိပါ။ မြန်မာနိုင်ငံသား အများ အပေါ်ပို၍ ကြမ်းတမ်းစွာ ဆက်ဆံခြင်းသည် အာဏာသိမ်းမှု၏ တရားမဝင်မှုကို ပို၍ ထင်ရှားစေမည်သာဖြစ်ပြီး အာဏာသိမ်းခေါင်းဆောင်များ၏ တာဝန်မကင်းမှုကို ပိုမိုထင်ရှား စေသည်။

သဘာပတိကြီးရှင်

ဤအရေးအခင်းသည် အရေးယူဒဏ်ခတ်မှု မရှိခဲ့ရခြင်းကြောင့် ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။ ကာလကြာမြင့်စွာ စစ်တပ်အပေါ် အရပ်သားအစိုးရ၏ ထိန်းချုပ်မှု ရှိမနေခြင်း၊ တိုင်းပြည်၏ နိုင်ငံရေးနှင့် စီးပွားရေး ဖွဲ့စည်းပုံများအပေါ် စစ်တပ်မှ အချိုးအစား မမျှတစွာ လွှမ်းမိုးနေခြင်း၊ လုံခြုံရေးတပ်များက ကျူးလွန်သည့် ပြစ်မှုများအတွက် စစ်မှန်စွာ ရှင်းပြရန် ဆယ်စုနှစ်များစွာ ပျက်ကွက်နေဆဲ ရှိခြင်းတို့သည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်ကိုကျင့်သုံးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အားနည်းစေခဲ့သည်။

အဆက်ဆက်ရှိခဲ့သည့် မဟာမင်းကြီးများနှင့် အထင်ကရ ကျွမ်းကျင်ပညာရှင်များက ဤကောင်စီသို့လည်းကောင်း၊ ယခင်ကောင်စီများသို့လည်းကောင်း နိုင်ငံ၏ စစ်တပ်က ကျူးလွန်သည့် ချိုးဖောက်မှုများကို နှစ်ပေါင်း ၂၀ ကျော် ရှင်းလင်း တင်ပြခဲ့ပါသည်။ ယင်းချိုးဖောက်မှုများတွင် နိုင်ငံတကာဥပဒေအရ ချိုးဖောက်သည့် အပြင်းထန်ဆုံး ပြစ်မှုအချို့ ပါဝင်ပါသည်။ ထိုချိုးဖောက်မှုများကို ကိုင်တွယ်ရန် အရေးယူဆောင်ရွက်မှု မရှိခြင်းသည် စစ်ခေါင်းဆောင်များကို အတင့်ရဲစေခဲ့ပြီး၊ လက်ရှိအရေးအခင်းကို ဖြစ်ပေါ်စေခဲ့သည်။

ဤကောင်စီ၏ အချက်အလက်ရှာဖွေရေးအဖွဲ့ (Fact Finding Mission) မှ ၂၀၁၈ ခုနှစ်က ပြည့်စုံရှင်းလင်းစွာ သတိပေးခဲ့သည်မှာ "တပ်မတော်သည် မြန်မာနိုင်ငံကို ခေတ်မီဒီမိုကရေစီနိုင်ငံအဖြစ် ဖွံ့ဖြိုးတိုးတက်လာစေခြင်းအတွက် အကြီးမားဆုံး အဟန့်အတား ဖြစ်သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်နှင့် လက်ရှိခေါင်းဆောင်ပိုင်းအားလုံးကို ဖယ်ရှားရမည်။ ထို့ပြင် တပ်မတော်ကို အရပ်သားအစိုးရ၏ ထိန်းချုပ်မှုအောက်၌ အပြည့်အဝထားရှိကာ အလုံးစုံ ပြန်လည်ပြုပြင်တည်ဆောက်ရမည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီနည်းကျ အကူးအပြောင်းသည် ယင်းအပေါ်တွင် တည်သည်"ဟု ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံသားများ ရင်ဆိုင်နေရသည့် ဒီမိုကရေစီနှင့်ဆိုင်သော အရေးအခင်းသည် ကမ္ဘာ့ကပ်ရောဂါကြောင့် အကြီးအကျယ်ထိခိုက်ခဲ့သော စီးပွားရေးဘေးအန္တရာယ်ကြောင့် ပို၍ နက်ရှိုင်းခဲ့ရပါသည်။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ဆိုးရွားသည့်ထိခိုက်မှုကို သက်ရောက်စေခဲ့ပြီး၊ ချို့နဲ့နေသည့် ကျန်းမာရေးစနစ်နှင့် မဖြစ်စလောက် လူမှုဖူလုံရေး အစီအမံများကို ကြီးလေးသောခက်ခဲမှု ဖြစ်စေသည့်အပြင် သန်းပေါင်းများစွာသော ပြည်သူများကို ပြင်းထန်သော ငွေကြေးဆိုင်ရာဒုက္ခတွင်းသို့ သက်ရောက်စေခဲ့ပြီး ဖြစ်သည်။ စစ်တပ်ခေါင်းဆောင်များ၏ မဆင်မခြင်လုပ်ရပ်များသည် နိုင်ငံအပေါ်သို့ ကျယ်ပြန့်သည့် ဒဏ်ခတ်အရေးယူမှုများ ပြန်လည်ချမှတ်ခြင်းကို ဖြစ်ပေါ်စေနိုင်ပြီး နှစ်ပေါင်းများစွာသော ဖွံ့ဖြိုးမှု ရလဒ်များကို ချိန်းခြောက်လာနိုင်သည်။

နိုင်ငံတကာအသိုင်းအဝန်းသို့ ပြောကြားလိုသည်မှာ ပြဋ္ဌာန်းမည်ဟု စဉ်းစားသည့် မည်သည့် ပိတ်ဆို့အရေးယူမှုမဆိုသည် ပြည်သူများ၏ အခွင့်အရေးကို ချိုးဖောက်သည်ဟု စွပ်စွဲရန်

ယုံကြည်ရလောက်သည့် လူတစ်ဦးချင်းစီကို သေချာစွာ ပစ်မှတ်ထားသင့်သည် ဟူ၍ ဖြစ်သည်။ အာဏာသိမ်းခေါင်းဆောင်များသည် ထိုသို့သော အရေးယူမှု ပြုလုပ်ရန်အတွက် ပစ်မှတ်ထားရန် သင့်လျော်သည့်သူများ ဖြစ်သည်။ နိုင်ငံရှိ အကာအကွယ်အမဲ့ဆုံးသူများအပေါ် မည်သည့်ဒုက္ခမျှ မကျစေသင့်ခြင်းသည် လွန်စွာမှအရေးကြီးသည့်အချက်ဖြစ်သည်။ ထို့အပြင် ပဋိပက္ခဖြစ်ပွားသည့် နေရာများသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများနှင့်အတူ ကမ္ဘာ့ကပ်ရောဂါကို တွန်းလှန်တုံ့ပြန်ရေးတွင် အကူအညီ ဆက်လက်ပေးရေးသည် အလွန်အရေးကြီးပါသည်။

ရွေးကောက်ပွဲရလဒ်ကို လေးစားရန်လည်းကောင်း၊ အာဏာကို အရပ်သားထိန်းချုပ်မှုအောက် ပြန်ပေးရန်လည်းကောင်း၊ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ဖမ်းထားသည့်သူများ အားလုံး ကို ချက်ချင်း ပြန်လွှတ်ပေးရန်လည်းကောင်း စစ်ဘက်အာဏာပိုင်များကို ဖြစ်နိုင်သမျှ အပြင်းထန်ဆုံး တောင်းဆိုပါရန် ဤကောင်စီသို့ အကြံပြုပါသည်။ ဖမ်းဆီးခံထားရသူများ အနေဖြင့် ဥပဒေဆိုင်ရာ ကိုယ်စားလှယ်များနှင့် ဆေးကုသစောင့်ရှောက်မှုများ ချက်ချင်း ရရှိသင့်သည့်အပြင် ဟုတ်မှန်သယောင်ရှိသော်လည်းစင်စစ်မှားယွင်းနေသည့် ပြစ်မှုဆိုင်ရာ စွပ်စွဲချက်များကို ပယ်ဖျက်ပေးသင့်ပါသည်။ မီဒီယာလွတ်လပ်ခွင့်ရှိရန်နှင့် အင်တာနက်မှ တစ်ဆင့် သတင်း အချက်အလက်များရရှိနိုင်ရန် အင်တာနက်နှင့် ဆက်သွယ်ရေးလုပ်ငန်းများ အပေါ် ကန့်သတ် ထားမှုများအား ဖယ်ရှားပေးရမည်။ သတ္တိရှိသည့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ လူမှုအဖွဲ့အစည်းနှင့် လတ်တလောနှစ်များအတွင်း ပေါ်ထွန်းလာ သည့် အလုပ်သမားသမဂ္ဂများ၏ လှုပ်ရှားမှုများကို ကာကွယ်ရပါမည်။

ထပ်လောင်းပြောကြားလိုသည်မှာ ပြင်းထန်သည့် အကြမ်းဖက်မှုများနှင့် ဆယ်စုနှစ်များစွာ ခွဲခြားဆက်ဆံမှုကို ကြံ့ကြံ့ခံခဲ့ရသော ရိုဟင်ဂျာများ၏ အခြေအနေကို ပိုဆိုးရွားအောင် စစ်တပ်အာဏာပိုင်များအား လုပ်ခွင့်မပေးရန် ဖြစ်သည်။ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ တရားရုံးမှ အမိန့်ထုတ်ပြန်ထားသည့် ကြားဖြတ်အစီအမံများကို အပြည့်အဝလိုက်နာရမည်။ ရခိုင်ပြည်နယ်နှင့် အခြား တိုင်းရင်းသားလူနည်းစုဒေသများတွင် ဖြစ်ပွားသည့် ပဋိပက္ခများ၏ အဓိကအကြောင်းရင်းကို စစ်မှန်စွာ ကိုင်တွယ်ဖြေရှင်းရန် တက်လှမ်းလုပ်ဆောင်ရမည်။

ကျွန်ုပ်တို့၏ရုံးကို မြန်မာနိုင်ငံတွင် မဖွင့်ရန် ကာလရှည်ကြာစွာကတည်းက ငြင်းဆန်ခံရသည့်အ တွက် စိတ်ပျက်ရပါသည်။ စစ်တပ်အာဏာပိုင်များအား လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး

နှင့် အထူးကိုယ်စားလှယ်အား မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ အခြေအနေနှင့်စပ်လျဉ်းပြီး အပြည့်အဝနှင့် ချက်ချင်း လာရောက် သိခွင့်ပေးရန် တိုက်တွန်းပါသည်။

မြန်မာနိုင်ငံသားတို့အား သင်တို့၏ အခွင့်အရေးများဖြစ်သည့် တရားမျှတမှု၊ လွတ်လပ်ခွင့်၊ ဒီမိုကရေစီနည်းကျ ပါဝင်ဆောင်ရွက်ခွင့်၊ ပုဂ္ဂိုလ်ရေးရာ လုံခြုံစိတ်ချမှုရှိရေး၊ ငြိမ်းချမ်း၍ တည်တံ့ခိုင်မြဲကာ အားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးတို့အတွက် ကျွန်ုပ်တို့ထောက်ခံ အားပေးကြောင်း ဖော်ပြလိုပါသည်။ သင်တို့၏ ခိုင်မြဲသည့် သန္နိဋ္ဌာန်ကြောင့် ကျွန်ုပ်တို့ ကြီးလေးစွာ စိတ်ထိခိုက်ရပါသည်။ ထို့ပြင် ခွဲခြားဆက်ဆံမှု၊ အကြမ်းဖက်မှုများကို မိမိတို့ ကိုယ်တိုင် ရင်ဆိုင်ခဲ့ရသည့် တိုင်းရင်းသားများစွာတို့က ဖော်ပြကြသည့် တစ်သားတည်းရှိမှု အတွက်လည်း စိတ်ထိခိုက်ရပါသည်။

ကျွန်ုပ်နှင့် မဟာမင်းကြီးတို့သည် ဤအရေးအခင်းမှနေ၍ ပိုမို တည်တံ့ခိုင်မြဲသည့် ဒီမိုကရေစီ အုတ်မြစ်များပေါ်၌ မိမိနိုင်ငံကို သင်တို့ ပြန်လည်တည်ဆောက်နိုင်လိမ့်မည်ဟု မျှော်လင့်ပါ သည်။ ထိုအခြေခံအုတ်မြစ်များသည် သာတူညီမျှရှိခြင်း၊ ဂုဏ်သိက္ခာ၊ လူ့အခွင့်အရေးများတို့ကို အာမခံပြီး အားလုံးပါဝင်သော နိုင်ငံဖွံ့ဖြိုးတိုးတက်မှု ဖြစ်စေဖို့လည်း မျှော်လင့်ပါသည်။

ထို့ပြင် ကုလသမဂ္ဂမိသားစုတစ်ခုလုံး - မြေပြင်ရှိအဖွဲ့များစွာတို့မှ ဤကောင်စီနှင့် အခြားသော အဖွဲ့များအထိ - သည် သင်တို့နှင့် အတူတကွ ဆက်လက်ရပ်တည်ကာ၊ လွတ်လပ်သည့် မြန်မာနိုင်ငံဖြစ်ရေးတည်းဟူသော သင်တို့၏ တရားဝင်သည့် ပြင်းပြသောဆန္ဒကို ထိန်းသိမ်း ထားမည်ဖြစ်ကြောင်းကိုလည်း ကျွန်ုပ်တို့ ယုံကြည်မှု အပြည့်ရှိသည်။

ကျေးဇူးတင်ပါသည် သဘာပတိကြီး ရှင့်။